# အာဒ်ဝင်တူးကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်လုကာ ၃း၁ - ၆

လူ့ဘဝမှာ တခါတရံ ကိုယ်မျှော်လင့်ထားသလို မဖြစ်လာတဲ့အခါ စိတ်ဓါတ်ကျတတ်ကြတယ်။ ချမ်းသာဖို့ အစွမ်းကုန်လည်း ကြိုးစားတယ်၊ နေ့တိုင်း မျှော်လည်း မျှော်လင့်ထားတယ်။ ဒါပေမဲ့ တလွဲတချော်ဖြစ်ပြီး ဘာမျှ တထူးတခြားဖြစ်မလာတော့ စိတ်ပျက်ကြတယ်၊ ကိုယ့်ကိုယ်ကို သတ်သေကြတယ်။ စာမေးပွဲအောင်ဖို့ မျှော်လင့်ထားတယ်၊ ဒါပေမဲ့ မအောင်လို့ စိတ်ပျက်သွားတော့တယ်။ ကျန်းမာရေးကောင်းလာဖို့ မျှော်လင့်ထားတယ်၊ ဒါပေမဲ့ ကျန်းမာရေးက ဖေါက်လာလို့ စိတ်ပျက်သွားရတယ်။ မျှော်လင့်ထားတာတွေ အလကားပဲ။ ခရစ်ယာန်တွေရဲ့မျှော်လင့်ခြင်းက အဲ့လို လောကရဲ့ မျှော်လင့်ခြင်းတွေနဲ့ ကွာခြားပါတယ်။

ခရစ်ယာန်တွေရဲ့မျှော်လင့်ခြင်းက ကျန်းမာဖို့ ချမ်းသာဖို့ထက် ဘုရားနဲ့ ပေါင်းစပ်ဖို့သာ မျှော်လင့်တာ ဖြစ်ပါတယ်။ တစ်နေ့ကျရင် ငါဟာ ဘုရားသခင်နဲ့အတူ ထာဝရအသက်ရှင်နေရမယ်ဆိုတာကို မျှော်လင့်နေပါတယ်။ ဒါကြောင့် ခရစ်ယာန်တွေရဲ့ မျှော်လင့်ခြင်းက သေချာတဲ့မျှော်လင့်ချက် ဖြစ်ပါတယ်။ ဒီလောကမှာအသက်ရှင်စဉ် မျှော်လင့်စရာအကောင်းဆုံးကတော့ ဘုရားသခင်နဲ့အတူ ထာဝရအသက်ရှင်နေဖို့ပဲ ဖြစ်ပါတယ်။ ဒီမျှော်လင့်ချက်က မရေရာ မသေချာတဲ့ မျှော်လင့်ချက် မဟုတ်ဘူး။ ဒီလောကမှာ ဘုရားနဲ့ အတူရှိနေတဲ့သူက နောင်ဘဝမှာလည်း ဘုရားနဲ့အတူ ထာဝရအသက်ရှင် နေမှာပဲဆိုတာကို သေချာပေါက် မျှော်လင့်ရဲတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ ကိုးကွယ်နေတဲ့ဘုရားက အားလုံးစုံကို တတ်နိုင်တဲ့ဘုရား ဖြစ်လို့ပါပဲ။ ယုံတယ်။ ဒါကြောင့် မျှော်လင့်တယ်။ ဒါကြောင့် လောကအရာတွေဖြစ်တဲ့ ကျန်းမာဖို့ ချမ်းသာဖို့မျှော်လင့်ထားသလို

မဖြစ်လာရင်တောင်မှ စိတ်မပျက်တော့ဘူး၊ ခံနိုင်ရည်ရှိထားတယ်လေ။ ဒါတွေကို မက်မောနေတာမှ မဟုတ်တာ၊ ဘုရားနဲ့ ထာဝရအတူရှိနေဖို့ပဲ မက်မောလို့ မျှော်လင့်နေတာပါ။ ဘုရားကိုသာ တမ်းတမက်မောနေလို့ လောကမှာ မျှော်လင့်ထားသမျှကိုလည်း ခံယူတတ်လာပါပြီ၊ တရားနဲ့ ဖြေတတ်နေပါပြီ။

ယနေ့ ပထမကျမ်းမှာ ကြားရတဲ့ သတင်းကောင်းကတော့ "အို ယေရုဆလင်၊ သင်၏ဝမ်းနည်းခြင်းနှင့် ဖိနှိပ်ခံရခြင်းဝတ်ရုံကို ချွတ်ခွာလော့" တဲ့။ ယေရုဆလင်မြို့ကို ပြောတာက အီစရာအဲလ်လူမျိုးတွေကိုပြောခြင်း ဖြစ်ပါတယ်။ ယေရုဆလင်မြို့ဟာ အီဇရာအဲလ်လူမျိုးတွေရဲ့ပြယုဒ် ဖြစ်ပါတယ်။ အီဇရာအဲလ်လူမျိုးတွေမှာ ခဏခဏ ဒုက္ခရောက်ကြရပါတယ်။ ကျနော်တို့ လူ့ဘဝလိုပါပဲ။ ဒုက္ခနဲ့ မကင်းပါဘူး။ ဒါပေမဲ့ လူဟာ ဘုရားရဲ့ရွှေပုံသဏ္ဌာန်တော်အတိုင်း ဖန်ဆင်းခံရလို့ ဒုက္ခတွေကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ ဉာဏ်ရှိတယ်၊ ဇွဲထက်သန်စေတဲ့ စိတ်ဝိညာဉ်ပါရှိတယ်။ ဒါ့အပြင် ဝိညာဉ်ခွန်အားနဲ့ ပြည့်ဝနေအောင် သန့်ရှင်းသောဝိညာဉ်တော်ဘုရားကိုပါ ပေးသွင်းထားတယ်။ ဒါတွေကို အသုံးချပြီး ဒုက္ခတွေအားလုံးကို ကောင်းကောင်း ကိုင်တွယ်နိုင်ပါတယ်။ ဒီလိုပါပဲ ယေရုဆလင်မြို့လည်း ဘာမျှစိတ်မပျက်နဲ့။ သင်တို့အထဲမှ ကယ်တင်ရှင်ဘုရား ပေါ်ထွန်းလိမ့်မယ်။ ဒါကို ယုံသလားဆိုတာပဲ အရေးကြီးတယ်။ မယုံတဲ့သူကတော့ မမျှော်လင့်ပါဘူး။ မျှော်လင့်စရာမရှိမှတော့ စိတ်ပျက်လက်ပျက်ဖြစ်တာ ဘာထူးဆန်းသလဲ။

ကျနော်တို့ ဘဝကိုယ်စီမှာလည်း စိတ်ပျက်စရာတွေ ကြုံမှာပဲ။ စိတ်မပျော်နိုင်မရွှင်နိုင် ဖြစ်ရတာက ကိုယ့်အတွင်းထဲမှာ ဗလောင်းဗလဲ ဖြစ်နေစေတဲ့အပြစ်ကြောင့်ပါပဲ။ ဒါကြောင့် ကိုယ့်ကိုယ်ကို စဉ်းစားဆင်ခြင်ရမည့်ပထမအဆင့်က အပြစ်တွေ ပြေပျောက်စေဖို့

နောင်တရရပ့်ါမယ်။ ဘုရားကို လက်ခံဖို့ ပြုပြင်ကြရပါမယ်။ ဒါကြောင့် ယနေ့ ဖတ်ရတဲ့ ရှင်လုကာ ဧဝံဂေလိကျမ်းမှာ "တောကန္တာရ၌ ကြွေးကြော်သောသူ၏အသံသည်ကား ထာဝရဘုရားသခင်၏လမ်းကို ပြင်ဆင်ကြလော့။"

ဘုရားက ကျနော်ဆီကို လာချင်နေပါတယ်။ ကျနော်တို့ကသာ ဘုရားကို အဟန့်အတားလုပ်နေကြတာပါ။ အဲဒီအဟန့်အတားတွေကို ဖယ်ရှားလိုက်ရင် ယနေ့ ရှင်လုကာရဲ့ကျမ်းစာအဆုံးမှာလိုပဲ "ထိုအခါ လူအပေါင်းတို့သည် ဘုရားသခင်၏ ကယ်တင်ခြင်းကို တွေ့မြင်ကြရလိမ့်မည်" ဆိုတာ ဖြစ်လာပါလိမ့်မယ်။

ဘာတွေ ဖယ်ရှားစရာလိုသလဲ။ လမ်းတွေ ညီညာဖို့ ချိုင့်ဝှမ်းတွေကို ဖို့ရသလိုပဲ ဟာတာတာကြီးဖြစ်နေတဲ့ ကျနော်တို့ရဲ့ စိတ်ဝိညာဉ်ကို ဘုရားကို ချစ်တဲ့စိတ်၊ သူတစ်ပါးကို ချစ်တဲ့စိတ်တွေနဲ့ ဖြည့်ကြရမယ်။ ကိုယ်လုပ်နေတဲ့လုပ်ငန်းတွေဟာ အဓိပ္ပါယ်ရှိတယ်၊ ရည်ရွယ်ချက်ရှိတယ်။ အများအကျိုး ကိုယ့်အကျိုးအတွက် လုပ်နေတယ်ဆိုတဲ့အသိစိတ်နဲ့ ဖြည့်စွတ်စရာလိုပါတယ်။ မခွင့်လွှတ်နိုင်ခြင်း၊ ဆက်ဆံရေးကြခြင်းတွေကို ပြင်ဆင်ကြရပါမယ်။မိသားစုအတွင်း စည်းလုံးမှုပြန်လည် တည်ဆောက်ရပါမယ်။ အာပတ်ဖြေဖို့ နှောင့်နှေးနေတာကို ပြင်ဆင်ဖြည့်စွတ်ရပါမယ်။ ကိုယ့်စိတ်ဝိညာဉ်ထဲမှာ ဝိညာဉ်တော်ဘုရားနဲ့ ပြည့်ဝစေပြီး ချစ်ခြင်းမေတ္တာခံစားနေရရင် အရက်ဆိုင် Bar , KTV ပျော်ပွဲရှင်ပွဲတွေနဲ့ အစားထိုးပြီး ကိုယ့်ကိုယ်ကို တကယ်ပျော်သယောင်ယောင် လှည့်စားနေစရာ မလိုပါဘူး။

ဒီလိုပဲ လမ်းမှာ ညီညာဖြောင့်ဖြူးဖို့အတွက် တောင်ကြီးတောင်ငယ် တွေကို ဖြိုချရမယ်။နှိမ့်ချရပါမယ်။ နှိမ့်ချဖို့၊ အနစ်နာခံဖို့၊ စွန့်လွှတ်ဖို့ ခက်နေတာက သင့်မာနကြောင့် ဖြစ်တယ်။ မာနကြောင့် စိတ်က မလုံမလဲ ဖြစ်လာတယ်၊ ဒေါသကြီးလာတယ်၊ သူတစ်ပါးကို မုန်းတီးနေတတ်တယ်။

သင့်မာနကို နှိမ့်ချလိုက်ပါ။

ကောက်ကွေ့နေတဲ့လမ်းတွေကို ဖြောင့်တန်းစေရမယ်။ ကောက်ကျစ်တတ်တဲ့စိတ်၊ လိမ်ညာလှည့်ဖြားတတ်တဲ့စိတ်ကို ရိုးသားဖြောင့်မတ်စေရပါမယ်။ ငါ နောင်တရတော့မယ်၊ ငါ ပြုပြင်ပြောင်းလဲတော့မယ်ဆိုပြီး နေ့ရွှေ့ညရွှေ့နဲ့ ကိုယ့်ကိုယ်ကို လှည့်စားနေတာတွေ ရပ်ပါ။ ကျနော်တို့ လုပ်ရမှာက ဘုရားဆီပြန်လာပါ။ ဘုရားဆီမှာသာ ငြိမ်းချမ်းသာယာနိုင်ပါလိမ့်မယ်။ အခု ဆုံးဖြတ်ပါ။ ဘဝကို နလံထူပါတော့။

ကြမ်းတမ်းတဲ့လမ်းတွေကို ညီညာချောမွေ့စေရသလို ကိုယ့်ရဲ့ အပြုအမူ အပြောအဆိုတွေ ချောမွေ့နေစေရမယ်၊ နူးညံ့သိမ်မွေ့နေစေရပါမယ်။ ခရစ်တော်ရဲ့ သတင်းကောင်းအတိုင်း နေထိုင်ကျင့်ကြံပါ။ ကိုယ့်ကိုယ်ကို ဘာမျှ ပြုပြင်ပြောင်းလဲစရာမလိုဘူးလို့ ထင်နေတဲ့သူတွေ၊ ဝိညာဉ်ရေးမှာ မပူမအေး နေတဲ့သူတွေကို ပြုပြင်ပြောင်းလဲရတာ သိတ်ခက်ပါတယ်။ ကိုယ့်ဝိညာဉ်ရေးကို နဲနဲလေးလုပ်ရုံနဲ့ ကျေနပ်နေကြတယ်လေ။ ကိုယ့်ကိုယ်ကို တိုးတက်နေစရာလိုတယ်၊ ရက်ရောတဲ့စိတ်၊ စာနာတတ်တဲ့စိတ်၊ ကိုယ့်ဘဝအားဖြင့် သူတစ်ပါးကို ဘုရားတရားအသိရှိအောင် သက်သေပြချင်တဲ့စိတ် မွေးမြူကြရမယ်။

သံယောဟန်ဗတ္တိစ္စတားကို ကြည့်ပါ့လား။ ယနေ့ ဧဝံဂေလိကျမ်းစာ အစမှာ နန်းတော်တွေမှာ ရှိတဲ့ ဘုရင်တွေ၊ နယ်စားတွေရဲ့ နာမည်တွေ တသီတတန်းတည်း ဖော်ပြနေပေမဲ့ ဘုရားသခင်ရဲ့ နှုတ်တော်ထွက်စကားကတော့ တောကန္တာရမှာရှိတဲ့၊ အစာရှောင်ဆုတောင်းနေတဲ့ သံယောဟန်ဗတ္တိစ္စတားဆီကိုပဲ ရောက်လာတယ်မဟုတ်ဘူးလား။ လူတွေအထင်ကြီး၊ ရေပန်းစားတဲ့အရာတွေ၊ နာမည်ကြီးစရာတွေမှာ ဟိုယားယား ဒီယားယား

စိတ်လေမနေပဲ သံယောဇဉ်ဗတ္တိစွတားလို တောကန္တာရမှာ ဆုတောင်းနေပြီး ဘုရားနဲ့ ပေါင်းစပ်နေတာက အရာရာပြည့်စုံစေပါတယ်။

ဒါကြောင့် ယနေ့ ဒုတိယဖတ်ရတဲ့ ဖိလိပိဩဝါဒစာမှာ လူတွေအတွက် ဆုတောင်းပေးနေရလို့ ရှင်ပေါလူးက ဝမ်းမြောက်နေရတဲ့အကြောင်းကို ရေးသားထားပါတယ်။ အဲ့လို ဆုတောင်းပေးနေလို့ "ဤသို့ဖြင့် အဘယ်အရာသည် အကောင်းမြတ်ဆုံးဖြစ်ကြောင်း သင်တို့ ပိုင်းခြားသိရှိနိုင်ပြီး ခရစ်တော် ကြွလာတော်မူသည့်နေ့ရက်၌ သင်တို့သည် ဖြူစင်သန့်ရှင်းလျက် အပြစ်တင်ခွင့်နှင့် ကင်းကြပေလိမ့်မည်" တဲ့ ။

ဘာသာသူတို့ အခုလို ခက်ခဲတဲ့အချိန်ကာလမှာ ဆုတောင်းနေခြင်းအားဖြင့် ကိုယ့်ကိုယ်ကို စိတ်မပျက်အောင် ထိန်းကြပါ။ သင်တို့ရဲ့မျှော်လင့်ချက်တွေ ရှင်သန်တက်ကြွနေပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းချီးမင်္ဂလာများ ခံစားကြရပါစေ။